Covenant Reformed News – Volume (1), Issue (2)

ပဋိညာဉ် ရီဖော့မ် သတင်း -အတွဲ (၁) ၊ အမှတ် (၂)

## The Blessed Name: Jesus

## မင်္ဂလာရှိသော နာမတော်: ယေရှု။

ဘုရားသခင်၏သားတော်သည် ကျွန်ုပ်တို့၏ဇာတိပကတိအဖြစ်သို့ ကြွလာသောအခါ မာရိနှင့် ယောသပ်တို့သည် ကိုယ်တော်အား "ယေရှု" ဟု အမည်ပေးခဲ့ကြသည်။ ဆွေမျိုးတစ်ဦးဦး၏အမည်ကို အစွဲပြု၍ ဤအမည်ဖြင့် မှည့်ခေါ်ခြင်းမဟုတ်သကဲ့သို့ မာရိနှစ်သက်သောကြောင့်သာ ထိုအမည်ကို ပေးခဲ့ခြင်းမဟုတ်ပါ။

မာရိနှင့် ယောသပ်တို့သည် ဘုရားသခင်၏ ညွှန်ကြားချက်ကို လိုက်နာခဲ့ကြ သည်။ ကောင်းကင်တမန် ဂါဗြေလက မာရိအား ဤအမည်သည် ကိုယ်တော်၏နာမတော် ဖြစ်လိမ့် မည်ဟု ပြောပြခဲ့သည် (လုကာ ၁)။ နောက်ပိုင်းတွင် ယောသပ်သည် မာရိ ကိုယ်ဝန်ရှိနေသောကြောင့် တိတ်တဆိတ်စွန့်ပစ်ရန် စီစဉ်သောအခါတွင် ထာဝရဘုရားသည် သူ့အား မိန့်တော်မူခဲ့သည်။ ဤကလေးငယ်သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် ပဋိသန္ဓေတည်ခဲ့ကြောင်း ယောသပ် အား ပြောပြခဲ့သည်။ ထို့နောက် ထာဝရဘုရားက ထိုသူသည် မိမိလူမျိုးကို အပြစ်မှ ကယ်တင်လိမ့်မည် ဟု မိန့်တော်မူ၏ (မဿဲ ၁:၂၁)။"ယေရှု" ဆိုတဲ့နာမည်ဟာ "ယေဟောဝါ" နဲ့ "ကယ်တင်တယ်" ဆိုတဲ့ စကားလုံးများမှ ဆင်းသက်လာပါသည်။ ကယ်တင်ခြင်းသည် လူသား၏အမည်နာမ မဟုတ်ဘဲ ယေဟောဝါ ၏အမည်နာမသာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း အလေးပေးဖော်ပြခဲ့ပါသည်။ ယေရှု သည် မိမိလူမျိုးတို့၏အပြစ်အားလုံးအတွက် အပြည့်အဝပေးဆပ်ဖို့ ကြွလာတော်မူသည်။ ဘာမှ ထပ်ထည့် စရာမလိုပါပေ။

မဿဲ ၁:၂၁ တွင် သခင်ဘုရား သွန်သင်ခဲ့သည့် ကောင်းချီးမင်္ဂလာရှိသော အမှန်တရားနှစ်ခုကို သတိပြုရပါမည်။ ပထမအချက်အနေဖြင့် ကိုယ်တော်ကယ်တင်လိမ့်မည်ဟူ၍ ကျွန်ုပ်တို့ကို ပြောပြ ထားပါသည်။ ဤအရာသည် အနာဂတ်ဖြစ်ရပ်တစ်ခုတည်းသာ မဟုတ်ဘဲ အလေးအနက် ထားရမည့် ကိစ္စဖြစ်ပေသည်။ ယေရှုရရှိမည့် ကယ်တင်ခြင်း၏ သေချာမှုကို သခင်ဘုရားကိုယ်တိုင် ယောသပ်ကို အိပ်မက်ထဲမှာ မိန့်တော်မူခဲ့ပါသည်။

ဒုတိယအချက်အနေဖြင့် ဤကယ်တင်ခြင်းသည် သူ့၏လူ အတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြသထားပါသည်။ ယေရှုသည် အားလုံးကို ကယ်တင်ဖို့ ကြိုးစားမှာမဟုတ်ဘဲ သူ့၏လူများကိုသာ ကယ်တင်ရာတွင် အောင်မြင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်သည် မိမိလူတို့ကို ကယ်တင်ဖို့ ရန် ကြွလာတော်မူခဲ့သည်။ သူတို့၏အပြစ်များအတွက် ကိုယ်တော်တစ်ပါးတည်းသာ အပြည့်အဝ ပေးဆပ်ရမည် ဖြစ်ပါသည်။

ယေရှုသည် ဓမ္မအမှုတော် ဆောင်ခြင်း၏ နောက်ပိုင်းတွင် ဤခေါ်တော်မူခြင်းကို အလွန်သတိပြုမိခဲ့သည်။ ယောဟန် ၆:၃၇ တွင် ခမည်းတော်သည် ကိုယ်တော်အား ပေးသနား တော်မူ၏ ဟု ကိုယ်တော်မိန့်တော်မူ၏။ ဤသူတို့သည် ခေါ်ဆောင်ခံရ သည် (ယောဟန် ၆:၄၄) ဖြစ်ပြီး သူတို့သည် ကိုယ်တော်ထံသို့လာ၍ ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ကိုယ်တော်သည် ကိုယ်တော်၏သိုးများ အကြောင်းလည်း မိန့်တော်မူပြီး ဖာရိရှဲတို့အား သင်တို့သည် ငါ့သိုးများမဟုတ်ဟု သတိပေးတော်မူ၏။ မိမိ၏သိုးများအတွက် ကိုယ်တော်သည် မိမိ၏အသက်ကို ပေးသနားတော်မူ သည်ဟု ကြွေးကြော်တော်မူ၏ (ယောဟန် ၁၀:၁၁၊ ၁၅၊ ၂၆)။

ကိုယ်တော်သည် လောကအတွက် ဆုတောင်းသည်မဟုတ် (ယောဟန် ၁၇:၉)၊ ခမည်းတော် ထံမှ ကိုယ်တော်အား ပေးအပ်ခံရသောသူတို့အဖို့ ဆုတောင်းတော်မူ၏။ ဤသူတို့သည် ကယ်တင်ခြင်း ၄ာ ကြွလာသူများသာ ဖြစ်သည်။

အမှန်စင်စစ်၊ ခရစ်ယာန်တစ်ဦးသည် လူ့ဇာတိခံယူခြင်းဖြစ်သည့် ဘုရားသခင်၏သားတော် လူ့ဇာတိခံယူခြင်းကြွလာခြင်းကို ဂုဏ်ပြုရန် ကြီးမားသောအကြောင်းရင်းရှိသည်။ ဘုရားသခင်သည် ထာဝရရွေးချယ်တော်မူသောသူတို့ကို ခရစ်တော်၌ကယ်တင်ရန် ထာဝရဆုံးဖြတ်ထားသည့်အရာကို အချိန်မီလုပ်ဆောင်နေခဲ့သည်။ (ရောမ ၉)ခရစ်တော်၌ ကိုယ်တော်၏လူများ၏ ကယ်တင်ခြင်း အတွက် ဘုရားသခင်သည် ဘုန်းအသရေတော်အပေါင်းကို ပေးသနားတော်မူပါစေ။

ဘုရားသခင်သည် လောကကို အလွန်ချစ်တော်မူ၏။

ယောဟန် ၃:၁၆ ခရစ်တော်သည် လူတိုင်းအတွက် အသေခံ တော်မူပြီး ဘုရားသခင်သည် လူတိုင်းကို ချစ်တော်မူကြောင်း သက်သေပြလိုသောအခါ ယောဟန်ခရစ်ဝင်ကျမ်း ၃:၁၆ သည် အများဆုံးကိုးကားခံရသော ကျမ်းပိုဒ်ဖြစ်သည်။ ဘုရားသခင် သည် လောကကို ချစ်တော်မူသဖြင့် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ၏ဟု သူတို့က ပြောကြသည်။ ယင်းထက် မည်သို့ ပို၍ ရှင်းလင်းနိုင်မည်နည်း။ အင်္ဂလိပ်ဘာသာစကားကို နားလည်သူတိုင်းသည် သမ္မာကျမ်းစာ သည် ဤသို့သွန်သင်သည်ကို မြင်တွေ့နိုင်သည်။

သို့သော်၊ ဤအရာသည်မှန်ကန်ပါသလား။ ဘုရားသခင်သည် လူတိုင်းကို ချစ်သည်ဆိုသည်မှာ မှန်ကန်ပါ သလား။ ခရစ်တော်သည် လူတိုင်းအတွက် အသေခံခဲ့သည်မှာ မှန်ကန်ပါသလား။ ယောဟန် ၃:၁၆ က ဤအရာကို သွန်သင်သည်မှာ မှန်ကန်ပါသလား။

ကျွန်ုပ်တို့ ဘာပြောနေသည်ကို သေချာသိထားသင့် ပါသည်။ သမ္မာကျမ်းစာသည် လူတိုင်းကို ဘုရားသခင် သင့်ကို ချစ်သည်ဟူ၍ ပြောပိုင်ခွင့် ပေးထား ပါသလား။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား ထိုအခွင့်အရေးကို အမှန်တကယ်ပေးသည်ဟု လူအများက ပြောကြသည်။

ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့နားလည်ရန် အလွန်အရေးကြီးရခြင်း၏ အကြောင်းရင်းမှာ ဘုရားသခင်သည် လူတိုင်းအတွက် ခေါင်းတစ်လုံးအတွက် ချစ်တော်မူကြောင်း၊ ခရစ်တော်သည် လူတိုင်းအတွက် ခေါင်းတစ်လုံးအတွက် အသေခံတော်မူကြောင်း ဤကျမ်းပိုဒ်ကို သွန်သင်ခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်တိုင် ပြဿနာအမျိုးမျိုးထဲသို့ ရောက်သွားနိုင်သောကြောင့်ဖြစ်သည်။

ခဏလောက် စဉ်းစားကြည့်ပါ။ ဘုရားသခင်သည် လူသားတိုင်းကို ချစ်ပြီး ခရစ်တော်သည် လူသားတိုင်းအတွက် အသေခံခဲ့လျှင် အဓိကမေးခွန်းမှာ- လူအချို့ အဘယ်ကြောင့် ငရဲသို့ သွားကြသနည်း။ တစ်ခုတည်းသောအဖြေမှာ ဘုရားသခင်သည် မိမိချစ်သောသူတို့ကို ငရဲသို့ ပစ်ချတော်မူသည်။ ခရစ်တော် အသေခံတော်မူသောသူတို့ကိုလည်း ငရဲသို့ပစ်ချတော်မူသည်။ သို့သော် ၎င်းသည် မည်သို့ ဖြစ်နိုင်မည်နည်း။

လူအများသည် ဤမေးခွန်းကို ဖြေကြပါလိမ့်မည်- ဟုတ်ပါသည်၊ သို့သော်၊ လူသည် လက်ဝါးကပ်တိုင်မှာ ဖော်ပြထားသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်ခံမည်လော့၊ လက်မခံမည်လော့ဆိုသည်ကို ကိုယ်တိုင် ဆုံးဖြတ်ရပါမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်ခံပြီး ယေရှုကို သူ့နှလုံးသားထဲ ဝင်ခွင့်ပေးမည်ဆိုပါက၊ ကယ်တင်ခြင်း ရရှိမည်ဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို လက်မခံလျှင် အပယ်ငရဲသို့ သွားရမည်ဖြစ်သည်။

သို့သော်၊ ဤအဖြေသည် ထိရောက်မည် မဟုတ်ပေ။ ဘုရားသခင်ချစ်ခြင်းမေတ္တာသည် အစွမ်းမဲ့ပြီး ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းသည်လည်း အစွမ်းမဲ့သည့်အတွက် ဤအရာသည် မဖြစ်နိုင်ပေ။ ဘုရားသခင်ချစ်ခြင်းမေတ္တာသည် ကယ်တင်လို့မရပါ။ ခရစ်တော်၏ သေခြင်းသည် ကယ်တင်လို့မရပါ။ ဘုရားသခင်သည် လူတစ်ယောက်ကို ချစ်ပြီး ခရစ်တော်သည် လူတစ်ယောက်အတွက် အသေခံခဲ့သော်လည်း ထိုလူကသာ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ခရစ်တော်၏သေခြင်းအား စိတ်ပျက်စေပြီး အနိုင်ယူပါသည်။

မေးခွန်းသည် ဤကဲ့သို့ဖြစ်သည်။ "လောက" ဆိုသော စကားလုံး၏ အဓိပ္ပာယ်သည် အဘယ်နည်း။ "လောက" ဆိုသည့် စကားလုံးသည် ယောက်ျားတိုင်း၏ ဦးခေါင်းကို ဦးခေါင်းချင်း ဆိုင်တာကို ဆိုလိုဖူးပါသလား။ "လောက" ဆိုသော စကားလုံးသည် သမ္မာကျမ်းစာတစ်အုပ်လုံးတွင် တစ်နေရာတည်း၌ မရှိဘူးဟူ၍ ပြောခဲ့သည်မှာ Spurgeon ပဲလို့ ကျွန်တော်ထင်ပါသည်။

**Spurgeon ပြောတာ မှန်ပါသည်။**

"လောက" ဟူသော စကားလုံးသည် သမ္မာကျမ်းစာတွင် အဓိပ္ပာယ်အမျိုးမျိုးရှိသည်။ယောဟန် ၁:၁၀ မှာ "လောက" ဆိုတာ "ဖန်ဆင်းခံရသည့် စကြဝဠာတစ်ခုလုံး" ဟူ၍ အဓိပ္ပာယ်ရသည်- "လောကကို ကိုယ်တော်အားဖြင့် ဖန်ဆင်းခဲ့သည်။" ဤနေရာ၌ လူတိုင်းအား ခေါင်းချင်းဆိုင် ပြောခြင်း မဟုတ်ပေ။

ယောဟန် ၁၆:၃၃ မှာ လောက ဆိုသည်မှာ အပြစ်၏လောကဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤလောက၌ သင်တို့သည် ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော် စိတ်မပူကြနှင့်။ ငါသည် လောကကို အောင်ပြီ။ ဤအရာသည်လည်း ယောဟန် ၂:၁၅-၁၆ မှာပါရှိသည့် အဓိပ္ပာယ်ဖြစ်ပေသည်။ လောကကို မချစ်ကြနှင့်။ အကြင်သူသည် လောကကို ချစ်လျှင် ခမည်းတော်၏ မေတ္တာသည် ထိုသူ၌ မရှိ။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ လူများနှင့် လောကကို ခွဲခြားဖော်ပြထားပါသည်။

ယောဟန် ၁၂:၁၉ မှာ "လောက" ဆိုသည့် စကားလုံးသည် "ပါလက်စတိုင်းမှာရှိစော လူအများစု" ဟူ၍ အဓိပ္ပာယ်ရပါသည်။ "ကြည့်ရှုလော့၊ လောကသည် သူ့နောက်သို့ လိုက်သွားလေ ပြီ။" ဤတွင် ယောက်ျားတိုင်းသည် ခေါင်းချင်းဆိုင်နေရသည်ဟု မည်သူမှ မပြောသည်မှာ သေချာပါသည်။

ယောဟန် ၁၅:၁၈ တွင် လောက ဆိုသည်မှာ ခရစ်တော်နှင့် တပည့်တော်များကို မုန်းတီးသူများ ဟု အဓိပ္ပာယ်ရသည်။ လောကသည် သင်တို့ကို မုန်းတီးလျှင် သင်တို့ကို မမုန်းမီ ငါ့ကို မုန်းတီးကြောင်း သိမှတ်ကြလော့။ လောကနှင့် ယေရှု၏ တပည့်တော်များအကြား ခြားနားချက်ကို ထပ်မံဖော်ပြ ထားသည်။

ဒီလိုနဲ့ ကျွန်တော်တို့ ဆက်သွားနိုင်ပါသည်။ "ကမ္ဘာ" ဆိုသည်မှာ မည်သည့်နေရာမှာမှ ယောက်ျားတိုင်းကို ဦးခေါင်းချင်းဆိုင်သည်ဟု မဆိုလိုပါပေ။

သို့သော်၊ ဤနေရာတွင် ကမ္ဘာကြီးသည် ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ အရာဝတ္ထုဖြစ်သည် ဟူ၍ ဆိုထားပါသည်။ ၎င်းကိုလည်း သမ္မာကျမ်းစာ၏ တခြားနေရာတွေတွင်လည်း တွေ့ရှိနိုင်ပါသည်။ ဥပမာ၊ ၁ ယောဟန် ၂:၂ ကိုကြည့်ပါ။

"လောက" ဆိုသည့် စကားလုံးသည် ဤနေရာတွင် ဘာကိုဆိုလိုသနည်း။

ယေရှုသည် နိကောဒင်နှင့် စကားပြောနေကြောင်းကို ဦးစွာသတိရရမည်။ နိကောဒင် သင်ယူခဲ့ရသည့် တစ်ခုတည်း သောအရာသည် ဂျူးလူမျိုးဖြစ်သောကြောင့် ကယ်တင်ခြင်း မခံရခြင်း ဖြစ်သည်။ ဒုတိယမွေးခြင်း ခံရသူများသည် ဘုရားသခင်၏နိုင်ငံတော်ကို မြင်သူများဖြစ်ကြောင်း သူသင်ယူခဲ့ရသည် (ယောဟန် ၃:၃)။ ယေရှုသည် ယခု ဤပြန်လည်မွေးဖွားခြင်းဆုကျေးဇူးသည် ဂျူးလူမျိုးများအတွက် သာမက လောကတစ်ခုလုံးအတွက် ဖြစ်ကြောင်းရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ဂျူးလူမျိုးများအတွက် သာမက လောကတစ်ခုလုံးကို ကယ်တင်လိမ့်မည်။ ဘုရားသခင်သည် ကောင်းကင်အောက်ရှိ လူမျိုးတိုင်းမှ အသင်းတော်ကို ကယ်တင်တော်မူ၏။

ဒုတိယအရေးကြီးသောအမှန်တရားတွင် ယောဟန် ၃:၁၆ ရှိ လောက ဟူသောစကားလုံးကို အကြင်သူသည် ကိုယ်တော်ကို ယုံကြည်၏ ဟူသောစကားဖြင့် ကန့်သတ်ထားသည်။ ခရစ်တော်ကို ယုံကြည်သူတို့သည် ဘုရားသခင်ပေးသော ယုံကြည်ခြင်း၏ အရှင်သခင်များဖြစ်ကြသည်၊ အကြောင်းမှာ ယုံကြည်ခြင်းသည် ဘုရားသခင်၏ ဆုကျေးဇူးတော် ဖြစ်သောကြောင့်ပင်ဖြစ်သည် (ဧဖက် ၂:၈)။ ယုံကြည်ခြင်းကို ခံယူသူတို့သည် ရွေးကောက်ခံရသူများ ဖြစ်ကြသည်။ ထို့ကြောင့်၊ ဘုရားသခင် ချစ်တော်မူသော သူတို့သည် ရွေးကောက်ခံရသူများ ဖြစ်ကြသည်၊ အကြောင်းမှာ သူတို့သည် ခရစ်တော်ကို ယုံကြည်သူများ ဖြစ်ကြ၍၊ ကယ်တင်ခြင်းသို့ ရောက်သောသူများ ဖြစ်ကြ၏ (ဧဖက် ၂:၈)။

ဘုရားသခင် ရွေးကောက်တော်မူသော ဤလောကကို ချစ်တော်မူ၏။ ရွေးကောက်တော်မူသော ဤလောကကို ကိုယ်တော် ချစ်တော်မူ၏။ အကြောင်းမူကား၊ သူတို့သည် စစ်မှန်သောလောက၊ ဘုရားသခင် ထာဝရကယ်တင်ရန် ဆုံးဖြတ်ထားသော လောကဖြစ်သောကြောင့်ပင်ဖြစ်သည်။ သူတို့သည် ဂျုံဖြစ်သော လောကဖြစ်ပြီး၊ မကောင်းသော လောကမူကား ဖွဲဖြစ်သည် (မဿဲ ၃:၁၂)။

ဘုရားသခင်ချစ်တော်မူသော ဤလောက။ ဤလောကအတွက် ခရစ်တော်သည် အသေခံတော်မူ၏။ ဤလောကသည် ယုံကြည်၍ ကယ်တင်ခြင်းသို့ ရောက်သော လောကဖြစ်တော်မူ၏။

## Not My Choice

## ကျွန်ုပ်၏ရွေးချယ်မှု မဟုတ်ပါ။

ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းသည် သင်တို့၏အသက်တာ၌ ရှင်သန်နေပါသလား။ သင့်ဘုရားကျောင်းတွင်လား။ ကျွန်ုပ်တို့သည် “ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်း၌ ရှင်သန်နေဆဲဖြစ်သည်..." သီချင်းကို သီဆိုကြပြီး ယုံကြည်ခြင်းသည် ရှင်သန်နေသည်မှာ သေချာပါသည်။ သို့သော် မေးခွန်းမှာ "ထိုယုံကြည်ခြင်းသည် ဘယ်မှာ ရှင်သန်ပြီး ဝန်ခံထားသနည်း" နှင့် "ကျွန်ုပ်တို့ ဘိုးဘေးများ၏ယုံကြည်ခြင်းကား အဘယ်နည်း" ဖြစ်သည်။ ၎င်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၅၀ ကျော်က Dordt (နယ်သာလန်နိုင်ငံ) တွင် ကျွန်ုပ်တို့၏ ဘုရားအသင်းတော်ဘိုးဘေးများက ဖော်ပြခဲ့ကြသည်။ ကျွန်ုပ်တို့၏ဘိုးဘေးများသည် သမ္မာကျမ်းစာသွန်သင်ခဲ့သည်များကို မှတ်မိစေရန် **TULIP** ဟူသော စကားလုံးကို ကျွန်ုပ်တို့အသုံးပြုပါသည်။

**T- Total Depravity - အကြွင်းမဲ့ ပျက်စီးခြင်း။**

**U- Unconditional Election - အခြေအနေပေါ်မမူတည်သော ရွေးကောက်ခြင်း။**

ဤအရာသည် ရိုးရိုးလေး ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်သည် လူတချို့ကို ချစ်ခင်ပြီး ကယ်တင်ဖို့အတွက် သူတို့၌ ကောင်းသည့်အရာ ဘာတစ်ခုမှ မရှာဘဲ ထာဝရအသက်ကို ပေးဖို့ ရွေးချယ်ပါသည်။

ယောက်ျား သို့မဟုတ် မိန်းမ တစ်စုံတစ်ဦးမျှ မမွေးဖွားမီ၊ အမှန်စင်စစ်၊ ကမ္ဘာကြီး မဖန်ဆင်းမီကပင်၊ မည်သူသည် ကောင်းကင်ဘုံသို့ သွားရမည်၊ မည်သူသည် မသွားမည်ကို ဘုရားသခင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ကောင်းမှု သို့မဟုတ် မကောင်းမှု တစ်စုံတစ်ရာ မလုပ်မီတွင်၊ ဘုရားသခင်သည် အချို့ကို သူ၏လူမျိုးအဖြစ် ရွေးချယ်ခဲ့ပြီး အချို့ကိုလည်း ငြင်းပယ်ခဲ့သည်။

အခြေအနေအလိုက် ရွေးကောက်ခြင်း" ဆိုသည်မှာ ဘုရားသခင်သည် သူ့ကို ဦးစွာချစ်၍ ရွေးချယ်သောသူများကို ကိုယ်တော်၏အဖြစ် ရွေးချယ်သည်ဟု ဆိုလိုသည်။ သို့သော် သမ္မာကျမ်းစာသည် "သင်တို့သည် ငါ့ကို ရွေးကောက်ကြသည်မဟုတ်၊ ငါသည် သင်တို့ကို ရွေးကောက်တော်မူ၏" ဟု ဆိုသည် (ယောဟန် ၁၅:၁၆၊ ရောမ ၉:၁၁-၂၁ ကို နှိုင်းယှဉ်ပါ)။ တမန်တော်ဝတ္ထု ၁၃:၄၈ တွင်

"ထာဝရအသက်အတွက် ခန့်အပ်ခံရသူအပေါင်းတို့သည် ယုံကြည်ကြသည်" ဟု ဖော်ပြထားသည်။ ဤဘာသာစကားကို ကျွန်ုပ်တို့ ပြောဆိုသောအခါတွင်သာ မြင်းသည် လှည်းရှေ့တွင် ရှိသည်။ အခြေအနေအလိုက် ရွေးကောက်ခြင်းသည် လှည်းကို မြင်းရှေ့တွင် ထား၏၊ အဘယ်ကြောင့်ဆိုသော် လူသည် ယုံကြည်ပြီးမှ ထာဝရအသက်အတွက် ခန့်အပ်ခံရသည်ဟု ဆိုထားသောကြောင့်ဖြစ်သည်။ နောက်ထပ်ရိုးရှင်းသော "လှည်းရှေ့တွင် မြင်းရှိသည်" အပိုဒ်အတွက် ယောဟန် ၁၀း၂၆ ကို သေချာစွာ ဖတ်ရှုပါ။ ဤအယူဝါဒကို ငြင်းပယ်ခြင်းသည် အဘယ်အရာကို ဆိုလိုမည်ကို လူတစ်ဦး မြင်ယောင်ကြည့်နိုင်ပါသလား။ ကယ်တင်ခြင်းမခံရမီ ကောင်းသောအရာ ဘာမှ မလုပ်နိုင်ကြောင်း ကျွန်ုပ်တို့ သတိရပါက (ယောဟန် ၁၅:၅၊ ဖေက် ၂:၁-၆)၊ တစ်ခုတည်းသော နိဂုံးချုပ်ချက်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဘယ်တော့အခါမှ မရွေးချယ်နိုင်ပေ။ ဘယ်တော့အခါမှလည်း မရွေးချယ်နိုင်ပါ။ ဘယ်တော့မှလည်း ကယ်တင်ခြင်း မခံရပါ။

သို့သော်၊ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဖြစ်ပြီး သူရွေးချယ်မည့်သူကို ရွေးချယ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရွေးချယ်ပြီးနောက် ကျွန်ုပ်တို့သည်နေ့စဉ် ကိုယ်တော်ကို ရွေးချယ်ကြသည်။ ကျွန်ုပ်တို့၏ဖြစ်တည်မှု အားလုံးနှင့်ရှိရှိသမျှကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးသနားတော်မူသည်။

တစ်ဖန်၊ ဤသည်မှာ ကျွန်ုပ်တို့ဟောပြောနေသော ယုံကြည်ခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သမ္မာကျမ်းစာနှင့် ကိုက်ညီသောကြောင့်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏နှလုံးသားထဲတွင် ရှင်သန်နေဆဲဖြစ်ပြီး၊ ၎င်းသည် ဘုရားသခင်အား ဘုန်းအသရေအပေါင်းကို ပေးသနားသောကြောင့်ဖြစ်သည်။ (ဆက်လက် ဖော်ပြပါမည်...)

**Rev. Angus Stewart**

**Covenant Protestant Reformed Church (N. Ireland)**

**Translator – Myitta (Myanmar)**